# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၆၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁–၆–၂၀၁၅ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြိုယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **မွန်ပြည်နယ်၊ သံဖြူဇရပ်နှင့် ရေးမြို့နယ် နယ်စပ်သပြေချောင်း တံတားတစ်စင်း တည်ဆောက် ပေးနိုင်ရန်၊ ကော့လေးကျေးရွာနှင့် ထင်းရှူးကျေးရွာကြား ၁ မိုင်၊ ၆ ဖာလုံရှိ ကတ္တရာလမ်းနှင့် ဝဲကလောင်ကျေးရွာမှ ကော့လေး ကျေးရွာသို့ ကတ္တရာထပ်ပိုးလွှာ ထပ်မံခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **ဝေါမြို့ပေါ်တွင် GSM တာဝါတိုင် တစ်တိုင်သာ တပ်ဆင်အသုံးပြုနေပြီး ညောင်ခါးရှည်ကျေးရွာတွင် တာဝါတိုင် တည်ဆောက်ပြီးသော်လည်း စက်များ တပ်ဆင်ထားခြင်း မရှိသေးသဖြင့် ဆက်သွယ်မရသည့် အခက်အခဲနှင့် ကြုံတွေ့ ရသောကြောင့် ယင်းအခက်အခဲကို မည်သို့ ဖြေရှင်းပေးမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ အမှတ်(၂၄) ပြည်သူပိုင်လမ်းမကြီးကို မြေပေးမိန့်အတုဖြင့် ခြံခတ်ပြီး ကျပ်သိန်း(၇၀)ဖြင့် ရောင်းစားသည့်ကိစ္စနှင့်ပတ်သက်၍ မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်ဝင်း၊ ကောလင်း မဲဆန္ဒနယ်၏ **ကောလင်းမြို့၊ အောင်မင်္ဂလာရပ်ရှိ ဒေါ်ဌေးဌေးဝင်း တရားဝင် ဝယ်ယူခဲ့သော သုဝဏ္ဏရပ်၊ အကွက်အမှတ် (၂၉)၊ ဦးပိုင်အမှတ်(၃၂၀-က) ဂရန်မြေ ဧရိယာ (၀.၀၉၂)ကေနှင့် ဦးပိုင်အမှတ်(၃၂၀-ခ) ဂရန်မြေ ဧရိယာ (၀.၀၉၂)ကေတို့ကို အငှားဂရန် ပယ်ဖျက်ရန် မှတ်ချက်ပြုခဲ့ခြင်းအပေါ် ဆက်လက်ဆောင်ရွက်ခဲ့သော သက်ဆိုင်ရာ ဌာနများ၏ အမိန့်နှင့် စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှု ရှိပါသဖြင့် ဥပဒေအရ မည်သို့ ကာကွယ်ကူစားပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးပေါခင်၊ နွားထိုးကြီး မဲဆန္ဒနယ်၏ **ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် သိမ်းဆည်းခံရသော ပြင်စည်ကျေးရွာ ကွင်းအမှတ် (၇၅၀/က)၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ (၄.၅၂) ကေကို မူလပိုင်ရှင်မှ ဆုံးရှုံးပြီး ကြားလူတစ်ယောက်က အကျိုးခံစားခွင့် ရရှိနေခြင်းကို မူလပိုင်ရှင်အား နစ်နာဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ဦးအောင်ချို၏ (၇)နှစ်ကျော်ခဲ့ပြီဖြစ်သည့် တရားမမှုကို ပြည်ထဲရေးနှင့်စသုံးလုံးသို့ သတင်းပေးပို့ချက်အပေါ် မိုင်ငြမ်းစွဲဆိုခဲ့သည့် စသုံးလုံးရုံးစာကို ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင်တွင် ထည့်သွင်းထားသည်ကို သိပါသလား၊ တိုင်ကြားစာကို စသုံးလုံးသည် လျှို့ဝှက်ထားရန်**

**တာဝန်ရှိသည်ကို သိပါသလား၊ အပြင်သို့ ရောက်ရှိသွားသော ရုံးတွင်းစာအတွက် မည်သူ့တွင် တာဝန် ရှိပါသလဲနှင့် ရန်ကုန်တိုင်း ဒေသကြီး တရားရုံး၏ စာမှုတွဲ အမှတ် ၂၈/၂၀၁၄နှင့် တရားလွှတ်တော်ချုပ်အမှုတွဲအမှတ် ၇၉/၂၀၁၅ တို့၏ စီရင်ချက်များသည် မှုတမှန်ကန်မှုရှိ ပါသလား တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၆၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။